သင်ယူနေပါတယ်။ "သမ္မာသမ္ဗုဒ္ဓ" ကမှ ဒီလောက်သိမ်မွေ့တဲ့ သဘာဝများကို သင်ပေးနိုင်တာပါ။

ဒီလိုသိမ်မွေ့နူးညံ့သော တရားများဖြစ်လို့ မြင့်သောတရား၊ မြတ်သောတရားလို့ ခေါ်ရပါတယ်။

ဒီတရားတွေကို အခု သုတမယဉာဏ်နဲ့ရပါပြီ။ စိန္တာမယဉာဏ် . . . ကိုယ်ပိုင်ဉာဏ်နဲ့ ဟုတ်၏ မဟုတ်၏ . . . ထပ်ကာတလဲလဲစဉ်းစားပါ။ စဉ်းစားမှ ကံအကြောင်းသိပါမယ်၊ ဘဝအကြောင်းသိပါမယ်။ အကုသိုလ်၊ ကုသိုလ်အကြောင်းများကို သိပါမယ်။ အဲဒီတော့ မိမိဘဝမြင့်ရာ မြင့်ကြောင်းကိုသင်ကြားပေးတဲ့ ဓမ္မဒေသနာတွေကိုရပါပြီ။

ဒီအဓိပ္ပာယ်တွေ၏ သိမ်မွေ့နူးညံ့ပုံ၊ အဆင့်မြင့်ပုံတွေကိုသိမှ . . . ဒီတရားများကို ဟောဖော်ညွှန်ပြခဲ့သော "သမ္မာသမ္ဗုဒ္ဓ" ၏ ဉာဏ်ဟာဘယ်လောက်ကြီးကျယ်တယ် ဘယ်လောက်ထက်မြက်တယ် ဆိုတာကို ခန့်မှန်းနိုင်ပါပြီ။ ဒါကြောင့်မို့ . . . မိမိတို့ဘဝ တစ်ဆင့်ပြီးတစ်ဆင့် မြင့်နိုင်အောင် . . . အခုရရှိထားသော တရားများကို . . . နှလုံးသွင်းပြီး . . . ကျင့်ကြံအားထုတ်နိုင်ကြသော . . . ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေ . . .

သာဓု . . . သာဓု . . . သာဓု . . .



# "ကမ္မသတ္တိနှင့် ပဋိသန္ဓိကိစ္စ"

၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၅) ရက်၊ ဗုဒ္ဓဟူးနေ့ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေ ဗိမာန်တော်မှာ (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ကို ဆက်လက်ပြီးပို့ချပါမယ် . . .

ကျွန်တော်တို့ အခု . . . ဝဋ်သုံးပါးလည်ပုံကို သေသေချာချာ သဘောပေါက်အောင် ထပ်ကာထပ်ကာ သင်ပေးနေရပါတယ်။ "ဝိပါကဝဋ်" "ကိလေသဝဋ်" "ကမ္မဝဋ်" ဆိုတဲ့ စက်သုံးခု လည်ပတ်ပြီးတော့ ကိစ္စအဝဝကို ဆောင်ရွက်ပါတယ်။

အကျိုးဆက်ဖြစ်တဲ့ "ဝိပါကဝဋ်" မှာ ဖြစ်နေတဲ့ မြင်စိတ်၊ ကြားစိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ် ငါးမျိုးရှိပါတယ်။ သူတို့ကို ဝိပါကစက်က ထုတ်လုပ်ပေးလိုက်တာ ဖြစ်ပါတယ်။

အဲဒီ (ငါး) မျိုးကို အဓိပ္ပာယ်ပေါ်အောင် ဆောင်ရွက်ပေးတဲ့စိတ်ဟာ . . . "မနောဝိညာဉ်စိတ်" ဖြစ်ပါတယ်။ အတွင်းစိတ်လို့လည်းပြောပါတယ်။ ဝိပါကဝဋ်မှာဖြစ်တဲ့ စိတ်ငါးမျိုးစလုံးကတော့ "အပြင်စိတ်" ဖြစ်ပါတယ်။ အဲဒီမှာ အပြင်စိတ်ဖြစ်သော "မြင်စိတ်" "ကြားစိတ်" တို့ဖြစ်ပေါ်လာပါတယ်။ အခုပြောလိုက်တဲ့ "အသံ" တွေကိုကြားပါတယ်။ ကြားတဲ့အထဲမှာ "ကြားစိတ်" ပါရပါတယ်။ ကြားစိတ်ထဲမှာ "သိ" တဲ့သဘောပါပါတယ်။

ကြားစိတ်ထဲမှာ "မှတ်" တဲ့ သဘောလည်းပါပါတယ်။ ပြီးတော့ . . . ခံစားတဲ့သဘောနဲ့ အားထုတ်တဲ့သဘောလည်း ပါပါတယ်။

မြင်စိတ်မှာလည်း လေးမျိုး . . . သိစိတ်၊ မှတ်စိတ်၊ ခံစားစိတ်၊ အားထုတ်စိတ် တို့ ဖြစ်ကြပါတယ်။ နံ့စိတ်မှာလည်း လေးမျိုးဖြစ်ပါတယ်။ ကျန်တဲ့ . . . ရသာစိတ်၊ အတွေ့စိတ် တို့မှာလည်း လေးမျိုးစလုံးပါဝင်ပါတယ်။

အဲဒါဟာ "ဝိပါက" ဆိုတဲ့ အကျိုးစိတ်တွေဖြစ်ပါတယ်။ "ဝိပါက" ဖြစ်အောင်လုပ်ပေး နေတဲ့အကြောင်းတရားက . . . "ကံစွမ်းအား" ခေါ်တဲ့ "ကမ္မသတ္တိ" ဖြစ်ပါတယ်။

မြင်တာ၊ ကြားတာ တွေဟာ "ကံစွမ်းအား" ကြောင့်ပါ။ စက်လည်တာကို . . . "သင်္ခါရ" လို့ခေါ်ပါတယ်။ "သင်္ခါရ" ဆိုတဲ့ မြင်စိတ်ထဲ၊ ကြားစိတ်ထဲမှာပါနေတဲ့ "သိ" တဲ့ သဘောကို "ဝိညာဉ်" လို့ခေါ်တယ်။ မှတ်တဲ့သဘောကို . . . "သညာ" လို့ခေါ်တယ်။ ခံစားတဲ့သဘောကို . . . "ဝေဒနာ" အလုပ်လုပ်ပေးတဲ့ "သင်္ခါရ" က . . . "စေတနာ" ဖြစ်ပါတယ်။ သဘာဝလေးမျိုး . . . ဝိညာဉ်၊ သညာ၊ ဝေဒနာ၊ စေတနာတို့ဟာ . . . မြင်စိတ်၊ ကြားစိတ် ထဲမှာပါသလို အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ် ထဲမှာလည်းပါပါတယ်။

အလုပ်လုပ်နေတာဟာ . . . "စေတနာ" ဖြစ်ပါတယ်။ သူလုပ်တဲ့အလုပ်ကို "သင်္ခါရ" လို့ခေါ်ပါတယ်။ အဲဒီလို လည်နေတဲ့စက်ကို "ဝိပါကစက်" လို့ခေါ်ပါတယ်။ "ဝိပါက" ဆိုတာက "အကျိုး" ဖြစ်ပါတယ်။ ဒီလို "ဝိပါက" ဆိုတဲ့ အကျိုးစက်လည်ဖို့အတွက် "ကမ္မသတ္တိ" အထောက်အပံ့ပေးရပါတယ်။ အဲဒီအကြောင်းကို သေသေချာချာသဘာဝကျအောင် စဉ်းစားထားကြပါ။

ဒီတော့ . . . စက်လည်အောင်လုပ်တာက "စေတနာ" စက်လည်နေတာကို "သင်္ခါရ" လို့ခေါ်ပါတယ်။

ဟောဒီ . . . "ကိလေသဝဋ်" က အဓိပ္ပာယ်တွေပြန်ဆိုပါတယ်။ မြင်ရတဲ့ . . . "ရူပါရုံ" ကို အဓိပ္ပာယ်ပြန်ပါတယ်။ ကြားတဲ့ "သဒ္ဒါရုံ" ကို အဓိပ္ပာယ်ပြန်တယ်။ 'ကိလေသစက်" ကပဲ အဓိပ္ပာယ်ပြန်ပေးရပါတယ်။

ကိလေသာစက်မှာ အလုပ်လုပ်တာဟာ . . . "စေတနာ"ပါ။ အဲဒီမှာ . . . စေတနာရဲ့စွမ်းအားနဲ့လှည့်လိုက်တဲ့စက်က "ဝိပါကစက်" မှာလည်တာထက် အရှိန်ပိုပြီးပြင်းလာပါတယ်။ ဒီစက်က အဓိပ္ပာယ်ဖော်တဲ့အလုပ်ကိုလုပ်ရသောကြောင့် ဖြစ်ပါတယ်။ ဝိပါကစက် အနေနဲ့က "မြင်ရုံ"လေးပဲ လုပ်ပေးတာပါ။ ကိလေသစက်ကသာ အဓိပ္ပာယ်ဖော်ရပါတယ်။

အဓိပ္ပာယ်ဖော်တဲ့အလုပ်ကိုလုပ်တဲ့အခါ . . . ယန္တယားက လည်တဲ့နှုန်းမြင့်လာပါတယ်။ မြင့်လာတဲ့အတွက် "သင်္ခါရ" စကားလုံးမှာ ရှေ့က ထပ်တိုးပြီး စကားလုံးထည့်လိုက်တော့ "အဘိသင်္ခါရ" ဖြစ်လာပါတယ်။



"နာမ်ဗီဇ" အသစ်ဖြစ်အောင် လုပ်ပေးတာဟာ . . . "ကံစွမ်းအား" ဖြစ်ပါတယ်။ ဒီ "ကံစွမ်းအား" ရအောင် . . . ခန္ဓာငါးပါးကပဲ "ကမ္မဝဋ်" မှာ . . . လုပ်လို့ . . . "ကံစွမ်းအား" ထွက်လာရခြင်းဖြစ်ပါတယ်။ ကမ္မဝဋ်မှာလုပ်နေတဲ့ "ကံစွမ်းအား"ထဲမှာ ကုသလကမ္မလည်းပါတယ်၊ အကုသလကမ္မလည်းပါပါတယ်။ အကုသိုလ်အားများရင် နိမ့်သောဘဝကို တည်ပေးမယ်၊ ကုသိုလ်အားကောင်းရင် မြင့်သောဘဝကိုတည်ပေးပါမယ်။ တည်တာကတော့ "ရုပ်ဗီဇ" နဲ့ "နာမ်ဗီဇ" ကို သာတည်ပေးတာဖြစ်သော်လည်း ဗီဇချင်းမတူပါဘူး။ အဆင့်မြင့်တဲ့ဗီဇနဲ့ အဆင့်နိမ့်တဲ့ဗီဇ ဆိုပြီး ဖြစ်လာပါတယ်။

အဆင့်မြင့်အောင် "ကုသလကမ္မ" ကတည်ပေးပါတယ်။ အဆင့်နိမ့်အောင် "အကုသလကမ္မ" ကတည်ပေးပါတယ်။ ဒါတွေဟာ မိမိတို့ရဲ့ ဘဝအကြောင်းဖြစ်ပါတယ်။ အခုပစ္စုပ္ပန်တည့်တည့်မှာ . . . မိမိတို့ရရှိနေသော အခြေအနေကို . . . သေသေချာချာသိအောင် စဉ်းစားဖို့လိုပါတယ်။

ဒီရုပ်၊ ဒီနာမ်ဟာ သာမန်မဟုတ်ပါဘူး။ အခု "ကံစွမ်းအား" အကြောင်းကို နားလည်ပါပြီ။ ကုသလ၊ အကုသလအကြောင်းကိုလည်း နားလည်ပါပြီ။ သူတို့ကတည်ပေးသော ဘဝအဆင့်ကိုလည်း တွက်တတ်ပါပြီ။ ဒီပညာတွေဟာ အလွန်သိမ်မွေ့တဲ့ပညာဖြစ်ပါတယ်။ ဒီပညာမျိုးကို "ဗုဒ္ဓဒေသနာ" မှာသာရှာလို့ရပါတယ်။ ဒီဟာတွေကို သေသေချာချာ နားလည်အောင်စဉ်းစားပါ။

အဲဒါကို စဉ်းစားနိုင်မှ မိမိအကြောင်းကို မှန်ကန်စွာသိလာပါမယ်။ အရေးကြီးတဲ့အချက်က ကိုယ့်ဘဝ၊ ကိုယ့်အကြောင်းကို ကိုယ်ကိုယ်တိုင်သိလာဖို့လိုပါတယ်။ ဒီလို ဘဝအဆက်ဆက်သံသရာ၏ အဓိပ္ပာယ်ကိုသိမှ . . . သံသရာဟာ ကောင်းကျိုးပေးသလား၊ ဆိုးကျိုးပေးသလား၊ ကောင်းကျိုး -ဆိုးကျိုးကို ကိုယ်ကိုယ်တိုင်သိမှ . . . သံသရာမှ ထွက်မြောက်အောင်လုပ်ဖို့ လိုသလား၊ မလိုဘူးလားဆိုတာကို . . . ကိုယ်တိုင်သိရပါမယ်။ ဒီလိုသိပြီးမှ သံသရာမှထွက်အောင်လုပ်ချင်မှာပါ။ ဒါကြောင့်မို့လို့ ဒီပညာကို အခြေခံကျကျ

“ဗီဇ” ဆိုတာဟာ ရုပ်မျိုးစေ့၊ နာမ်မျိုးစေ့ ဖြစ်ပါတယ်။ မျိုးစေ့မှာ . . . “ဥပဒေသ” ရှိပါတယ်။ အဲဒီ ဥပဒေသ ကို “နိယာမ” လို့ ခေါ်ပါတယ်။

ရုပ်မျိုးစေ့က . . . ရူပနိယာမ၊ နာမ်မျိုးစေ့က . . . နာမနိယာမ

သူတို့ဟာ . . . သူ့ဥပဒေသအတိုင်း ဆက်လက်ပြီး ကြီးပွားရတယ်။ ရုပ်ကလည်း . . . ရုပ်လမ်းစဉ်အတိုင်း ကြီးပွားတယ်။ နာမ်ကလည်း . . . နာမ်လမ်းစဉ်အတိုင်း ကြီးပွားပါတယ်။

အဲဒါကို . . . “ဘဝသစ်” လို့ ခေါ်ပါတယ်။

“ဘဝသစ်” သို့ရောက်လာတာကို “ဇာတိ” လို့လည်း ခေါ်ပါတယ်။ ပစ္စုပ္ပန်မှာ . . . ဗီဇရုပ် ထွက်လာပါတယ်။ “ရုပ်ဗီဇ” . . . ရုပ်မျိုးစေ့၊ “နာမ်ဗီဇ” . . . နာမ်မျိုးစေ့ . . . (၂)မျိုးစလုံးကို “ကမ္မသတ္တိ” က တည်ပေးရပါတယ်။ ဒီတော့လည်း . . . ဘဝအသစ် . . . စပါတယ်။

“ရုပ်ဗီဇ” က ရုပ်ရဲ့နိယာမအတိုင်း ဆက်လက်ပြီးသွားပါတယ်။ “နာမ်ဗီဇ” ကလည်း နာမ်ရဲ့ “နိယာမ” အတိုင်းဆက်ပြီး သွားပါတယ်။ ဒီလိုသွားတဲ့သဘောကို ဉာဏ်ထဲမှာ ထင်မြင်အောင် စဉ်းစားပါ။ ဘဝတစ်ခုနဲ့တစ်ခု . . . ဆက်တဲ့ကိစ္စကို “ပဋိသန္ဓိကိစ္စ” လို့ ခေါ်ပါတယ်။

ဒီပဋိသန္ဓိဟာ ကံစွမ်းအားနဲ့ ဖြစ်ရပါတယ်။

ကံစွမ်းအားက “ရုပ်ဗီဇ” နဲ့ “နာမ်ဗီဇ” ကိုပဲ တည်ပေးပါတယ်။ အဲဒီလို တည်ပေးတဲ့ကိစ္စကို “ပဋိသန္ဓိကိစ္စ” လို့ ခေါ်ပါတယ်။ ဘဝအသစ်ကိုတည်ထောင်ပေးသောကိစ္စဖြစ်ပါတယ်။ အဲဒီဟာကို “ဇာတိအသစ်” လို့လည်း ခေါ်ပါတယ်။ အဲဒီအကြောင်းအရာကို သေသေချာချာ နားလည်အောင် . . . စဉ်းစားကြပါ။

အဲဒီဟာကိုသိမှ . . . ဘဝအဆက်ဆက် ဘယ်ပုံခရီးဆက်တယ်ဆိုတာကို နားလည်ပါမယ်။ ဒါကိုနားလည်မှ “သံသရာ” ၏အဓိပ္ပာယ်ကို နားလည်ပါမယ်။ ဒီလို “ရုပ်ဗီဇ” အသစ်၊



ဒီမှာ . . . အလုပ်လုပ်တဲ့စွမ်းအားကို ထုပ်ပေးနေတာကတော့ “စေတနာ” ပါပဲ။ သို့သော်လည်ပတ်တဲ့စက်ရဲ့လည်ပတ်နှုန်းက အရှိန်မြင့်လာတော့ . . . “အဘိသင်္ခါရ” လို့ ခေါ်လိုက်ပါတယ်။

“အဘိသင်္ခါရ” ဆိုတာ “မနောဝိညာဉ်” လည်နေတာပါ။ သူက မြင်မှု-ကြားမှု ကို အဓိပ္ပာယ်တွေပြန်ဆိုပေးပါတယ်။ အဓိပ္ပာယ်ပြန်ဆိုတဲ့အလုပ်ကတော့ “လုပ်ငန်းအရှိန်” က တက်လာပါတယ်။ အဲဒါကို “အဘိသင်္ခါရ” လို့ ခေါ်ပါတယ်။

မြင်နေတဲ့အဆင်းအာရုံကို၊ ကြားနေတဲ့အသံအာရုံကို အဆင်းသက်သက်၊ အသံသက်သက် . . . ထုတ်ပေးနေတာဟာ . . . “ဝိပါကစက်” ဖြစ်ပါတယ်။ “ကိလေသစက်” ကို ရောက်တော့ . . . အခုပြောနေတာဟာ “လူ” . . . ၊ ဒီလူက စကားတွေပြောနေတယ် လို့ . . . အဓိပ္ပာယ်ပြန်ရပါတယ်။ ဒီလိုအဓိပ္ပာယ်ပြန်တာကို “ကိလေသစက်”က ပြုလုပ်ပေးရပါတယ်။ ကိလေစက်မှာရှိတဲ့ . . . “မနောဝိညာဉ်” က ဘာသာပြန်ပေးတာ ဖြစ်ပါတယ်။

အဲဒီမနောဝိညာဉ်က “စေတနာ” နဲ့ လုပ်ပေးပါတယ်။ သို့သော် သူ့ရဲ့အရှိန်က ပြင်းလာတဲ့အတွက် “အဘိသင်္ခါရ” အဆင့်ဖြစ်လာပါတယ်။

သူရဲ့မှီရာက . . . သူမှတ်ထားခဲ့တဲ့ အစွဲ “ဥပါဒါန်” ကို မှီပြီးအလုပ်လုပ်ပါတယ်။ အဲဒီ ဥပါဒါန်ထဲမှာ . . . စကားလုံးတွေ၊ အသံထွက်တွေကို ရှေးနှစ်ပေါင်းများစွာကတည်းက မှတ်ထားခဲ့ပါတယ်။ အဲဒါတွေဟာ . . . ဥပါဒါန်ထဲမှာစုနေတဲ့အတွက် “သညာဥပါဒါန်” လို့လည်း ပြောပါတယ်။

အဲဒီအထဲက (ဥပါဒါန်ထဲက) . . . မနောဝိညာဉ်က ဆွဲထုတ်ပြီး အဓိပ္ပာယ်ဖော်တဲ့ အလုပ်ကို လုပ်ပါတယ်။ အဲဒီလိုလုပ်တာကို “အဘိသင်္ခါရ” လို့ ခေါ်ပါတယ်။ ဒီလုပ်ငန်းမှာ “စေတနာ” က တိုက်တွန်းပေးပါတယ်။ အလုပ်လုပ်တဲ့စိတ်ကတော့ . . . အတွင်းစိတ် . . . “မနောဝိညာဉ်” ပဲ ဖြစ်ပါတယ်။ ဒါဟာ . . . “ကိလေသဝဋ္ဋ” ခေါ်တဲ့ စက်ကြီးလည်ပုံသဘော ဖြစ်ပါတယ်။

မျက်စိမှာမြင်တဲ့ပုံရိပ်ကို . . . "ပုဂ္ဂိုလ်" "လူ" . . . "သူ" ဆိုတဲ့ အဆင့်ထိအောင် ပြောင်းပေးပါတယ်။ အဲဒီလို ပြောင်းပေးလိုက်လို့ . . . လူတို့လည်းသိတယ်၊ ပုဂ္ဂိုလ်လို့လည်း သိတယ်၊ မိတ်ဆွေ၊ ရန်သူလို့လည်းသိအောင်လုပ်ပေးလိုက်ပါတယ်။ မိတ်ဆွေလို့သိရင်. . . ကျေနပ်တယ်၊ နှစ်သက်တယ်။ ရန်သူလို့သိရင် . . . မုန်းတယ်။

အဲဒီတော့ ချစ်ခြင်း၊ မုန်းခြင်းအလုပ်တွေကို လုပ်တယ်။ အဲဒီအလုပ်တွေကိုတော့ "ကမ္မဝဋ်" မှာဖြစ်တဲ့ "မနောဝိညာဉ်" ကလုပ်ပေးပါတယ်။ ဒီ မနောဝိညာဉ် (အတွင်းစိတ်) အလုပ်လုပ်ရာမှာ "စေတနာ" က ဦးဆောင်ရပါတယ်။

"ကမ္မဝဋ်" မှာဖြစ်တဲ့ "စေတနာ" က . . . "ကမ္မပထ" မြောက်တဲ့တိုင်အောင် အလုပ်လုပ်ပါတယ်။ "ကမ္မပထ" မြောက်တယ်ဆိုတာဟာ . . . "ချစ်တဲ့သဘော" "မုန်းတဲ့သဘော" တွေနဲ့ အလုပ်လုပ်တာဖြစ်ပါတယ်။ ဒီမှာလည်း . . . အတွင်းစိတ်ဖြစ်တဲ့ "မနောဝိညာဉ်" က အလုပ်လုပ်တာဖြစ်ပါတယ်။ အလုပ်ဖြစ်မြောက်တာကို "ကမ္မပထ" လို့ ခေါ်ပါတယ်။ အဲဒီ "ကမ္မပထ" အလုပ်ဖြစ်အောင် "စေတနာ" က လုပ်ပေးပြန်တယ်။

ဒီတော့ "စေတနာ"ဟာ "ဝဋ်သုံးပါး" စလုံးမှာ အလုပ်လုပ်ပါတယ်။ သို့သော် တကဏ္ဍနှင့် တကဏ္ဍ အလုပ်၏လည့်ပတ်နှုန်း "အရှိန်" က မတူကြပါဘူး။ ဒီ "ကမ္မဝဋ်" ကျတော့ . . . "ကမ္မပထစေတနာ" လို့ ခေါ်ပါတယ်။ သူဟာ အလွန်အရှိန်အဟုန်ပြင်းပါတယ်။

အဲဒီ "အရှိန်အဟုန်" နဲ့ ဒီ "မနောဝိညာဉ်" က အလုပ်လုပ်လိုက်တဲ့အခါ . . . အဲဒီ အလုပ်ကို "မနောကမ္မ" လို့ ခေါ်ပါတယ်။ ဒီအလုပ်ဟာ . . . "စေတနာ" က တိုက်တွန်း၍ "ကမ္မဝဋ်" မှာ အလုပ်လုပ်တာ ဖြစ်ပါတယ်။

တိုက်တွန်းတဲ့ "စေတနာ" က . . . ကိလေသဝဋ်က ဖော်ပြပေးသော . . . ပုဂ္ဂိုလ်၊ သူ၊ မောင်ဖြူ၊ မောင်ညို အထိ ပြောပေးတဲ့အပေါ်မှာ . . . အခြေတည်ပြီး "ချစ်တယ်" "မုန်းတယ်" လို့ လုပ်ပါတယ်။



သေတယ်ဆိုတဲ့ အထဲမှာ အချက်သုံးခုရှိပါတယ်။ "အာယု" ဆိုတာ ရှင်ခြင်းသဘောပါ။ အဲဒီ "အာယု" ဆိုတဲ့သဘောချုပ်သွားရပြီ။ ခန္ဓာကိုယ်က ထွက်နေတဲ့အပူရှိန်တွေ . . . ရှိပါတယ်။ အဲဒါကို "ဥသမာ" လို့ ခေါ်ပါတယ်။ "ဥသမာ" လည်းပဲ ချုပ်ပါပြီ။

သေရင် . . . "ဥသမာ" ချုပ်တယ်၊ အာယုချုပ်ပါတယ်။ ဒါတင်မကပါဘူး . . . မြင်စိတ်၊ ကြားစိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ်ဆိုသော "ဝိပါကဝိညာဉ်" ငါးမျိုးစလုံးလည်းချုပ်ပါတယ်။ အဲဒါမှ "သေတာ" ဖြစ်ပါတယ်။

သေခြင်းမှာ အချက်သုံးချက်ရှိပါတယ်။ "အာယု" ခေါ်တဲ့ ရှင်မှုချုပ်ပါတယ်။

"ဥသမာ" ဆိုတဲ့ အပူဓာတ်ချုပ်တယ်။

"ဝိပါကဝိညာဉ်" . . . တို့ ချုပ်ပါတယ်။

ဒီတော့ . . . အဲဒီစက်ကြီးရပ်သွားသော်လည်းပဲ . . . "နာနက္ခဏိက" ကံစွမ်းအားကြီးက "စွမ်းအား" အနေနဲ့ ရှိနေပါသေးတယ်။ အဲဒီခန္ဓာငါးပါးစက်ကြီးရပ်သော်လည်း . . . "နာနက္ခဏိက" . . . ကံအဆောက်အဦးကြီးကရှိနေပါတယ်။ အဲဒါကို သေသေချာချာ သဘောပေါက်အောင် သိထားရပါမယ်။

နာနက္ခဏိက . . . ကံ အဆောက်အဦးကြီးရဲ့ စွမ်းအားက . . . အသက်ရှင်စဉ်တုံးက မြင်စိတ် . . . ကြားစိတ်တွေလုပ်နိုင်အောင် ထောက်ပံ့ပေးတယ်။ နာမ်ဓါတ်တွေ အလုပ်လုပ်နိုင်အောင် ထောက်ပံ့ပေးတာပါ။ ပြီးတော့ ရုပ်ဓါတ်ဖြစ်သော "မျက်စိအကြည်" . . . "နားအကြည်" . . . နဲ့ "အာယု" ခေါ်တဲ့ ရှင်မှုတို့ကိုလည်း ထောက်ပံ့ပေးပါတယ်။

အခုအဲဒီ ရုပ်ဓါတ်၊ နာမ်ဓါတ်တွေချုပ်သွားတာနဲ့တစ်ပြိုင်တည်း . . . ဓါတ်တွေချုပ်သွားတာနဲ့တစ်ပြိုင်တည်း "နာနက္ခဏိက" စွမ်းအားက ချက်ချင်း . . . "နာမ်ဗီဇ" နဲ့ "ရုပ်ဗီဇ" ကို တည်ပေးပါတယ်။

တည်ပေးလိုက်တုံးက . . . "နာမ်ဗီဇ" နဲ့ "ရုပ်ဗီဇ" ကိုသာ တည်ပေးလိုက်ပါတယ်။

အဲဒီစက်က "ကံစွမ်းအား" ထုတ်မပေးနိုင်ပါဘူး။ သူကိုယ်တိုင်က "ကံစွမ်းအား" ရဲ့ထောက်ပံ့မှု ရနေလို့လည်နိုင်တာ ဖြစ်ပါတယ်။

ဆက်၍ . . . "ကိလေသ" နဲ့ "ကမ္မစက်" တို့လည်လိုက်တော့ . . . "ကံစွမ်းအား" တွေ ထွက်လာပါတယ်။ "ကံစွမ်းအား" ဟာ "အကြောင်းတရား" ဖြစ်ပါတယ်။

ဘယ်လိုအကြောင်းတရားလဲဆိုရင် . . . "ဝိပါကစက်" လည်နိုင်ဖို့အတွက် "အကြောင်းတရား" ဖြစ်ပါတယ်။

အဲဒီ "ဝိပါကစက်" လည်နိုင်အောင် . . . "ကိလေသဝဋ္ဋ" နဲ့ "ကမ္မဝဋ္ဋ" တို့ စက် (၂) ခုလည်ပေးမှ "ကမ္မသတ္တိ" က ထွက်ပါတယ်။ အဲဒီ "ကမ္မသတ္တိ" တွေ ထွက်လာခြင်းကြောင့် အဲဒီစက် (၂) ခုဟာ . . . အကြောင်းကို ထောက်ပံ့ပေးသော စက် (၂) ခု ဖြစ်သွားပါတယ်။

မြင်စိတ်-ကြားစိတ်ကို ပုဂ္ဂိုလ် သတ္တဝါဖြစ်အောင် . . . "ကိလေသဝဋ္ဋ" က အားမြှင့်ပေးရပါတယ်။ "ပုဂ္ဂိုလ်" "သတ္တဝါ" ဖြစ်မှ . . . ကမ္မဝဋ္ဋက အလုပ်လုပ်ရပါတယ်။

"ကိလေသဝဋ္ဋ" နဲ့ "ကမ္မဝဋ္ဋ" က အကြောင်းတရားများကို ထုတ်ဖော်ပေးသော စက် (၂) ခုဖြစ်ပါတယ်။

"ဝိပါကဝဋ္ဋ" က အကျိုးတရားကို ထုတ်ဖော်ပေးသော စက် (၁) ခု ဖြစ်ပါတယ်။ ဒီစက်သုံးခုက "အကြောင်းနဲ့အကျိုး" ကို ဆက်သွယ်ပေးနေပါတယ်။

ဒီအကြောင်းအရာတွေကို ပြည့်စုံအောင်ပြောရပါမယ်။ အခု ပစ္စုပ္ပန်တည့်တည့်မှာ အကျိုးအဖြစ်နဲ့ "မြင်စိတ်" "ကြားစိတ်" တွေဖြစ်ပါတယ်။ ပြီးတော့ . . . "မျက်စိအကြည်" "နားအကြည်" တွေ ဖြစ်ပါတယ်။ အဲဒါဟာ . . . "ကံစွမ်းအား" ကြောင့်ဖြစ်ပါတယ်။

ဟောဒီမှာရှိတဲ့ ရုပ်တရား . . . "ရူပက္ခန္ဓာ" ပြီးတော့ နာမ်တရား . . . "နာမက္ခန္ဓာ" အဲဒီ (၂) ခုစလုံး အဆုံးစွန်သောအချိန်၌ စုတိ ဆိုသော "သေခြင်း" သို့ရောက်ရင် . . . ဒီစက်ကြီးရပ်သွားပါပြီ။ အဲဒီ "သေခြင်း" သဘောကို သေချာနားလည်အောင် လုပ်ပါ။



အဲဒီလိုလုပ်တာ . . . အတွင်းစိတ်ပါ။ အဲဒီအတွင်းစိတ်ကို "မနောဝိညာဉ်" လို့ ခေါ်ပါတယ်။ သူလုပ်တဲ့အလုပ်ကို "မနောကမ္မ" လို့ခေါ်ပါတယ်။ အဲဒီလို သဘာဝတရားတစ်ခုနဲ့တစ်ခု ဆက်သွယ်နေတာကို သေသေချာချာ ဉာဏ်နဲ့မြင်အောင်ကြည့်ရပါမယ်။

မနောကမ္မက . . . အရှိန်ပြင်းလာတော့ . . . ရန်သူလို့သိထားတဲ့ "အသိ" ကို "ကိလေသဝဋ္ဋ" က ပေးတာဖြစ်ပါတယ်။ ဒါကြောင့် ရန်သူမုန်းသိလာပြီး ဒေါသဖြစ်လာပါတယ်။ အဲဒီဒေါသဟာ . . . "မနောကံ" အဖြစ် အလုပ်လုပ်ပါတယ်။ "ပါးစပ်" နဲ့ မကြေနပ်တာတွေကိုပြောရင် . . . "ဝစီကံ" . . . ဖြစ်ပါတယ်။ ကိုယ်ထိလက်ရောက်လုပ်လာရင် . . . "ကာယကံ" ဖြစ်ပါတယ်။ အဲဒါ ရောက်လုပ်လာရင် . . . "ကာယကံ" ဖြစ်ပါတယ်။ အဲဒါဟာ . . . "ကံသုံးပါး" ဖြစ်သွားတာပါ။

ဒါကြောင့် "ကံသုံးပါး" ဟာ "ကမ္မဝဋ္ဋ" မှာ အလုပ်လုပ်ပါတယ်။ ကံသုံးပါးလည်တဲ့ကိစ္စမှာ "စေတနာ" အားနဲ့ "မနောဝိညာဉ်" က ရှေ့ဆောင်ပြီး လုပ်ရပါတယ်။

ဒီတော့ . . .

ပထမ "မနောကံ" ဖြစ်ပါတယ်။

ဒုတိယ "ဝစီကံ" ဖြစ်ပါတယ်။

တတိယ "ကာယကံ" ဖြစ်ပါတယ်။

အဲဒီလို "ကံသုံးပါး" အလုပ်လုပ်ခြင်းကြောင့် အလုပ်၏အစွမ်းဆိုသော "ကမ္မသတ္တိ" ထွက်လာပါတယ်။ အလုပ်ဟာ "ကမ္မ" ဖြစ်ပြီး အစွမ်းဟာ "သတ္တိ" ဖြစ်ပါတယ်။ "ကမ္မသတ္တိ" ထွက်တာဟာ . . . တကယ်တော့ "ကမ္မပထ" မြောက်မှ ထွက်တာပါ။

"ကမ္မသတ္တိ" ဆိုတာဟာ ပါဠိစကားပါ။ မြန်မာလိုတော့ . . . "ကံစွမ်းအား" ခေါ်ပါတယ်။ မနောကံ၊ ဝစီကံ၊ ကာယကံ ဆိုတဲ့ "ကံသုံးပါး" လုပ်ရင် . . . "ကံစွမ်းအား" ထွက်ပါတယ်။

သဘာဝတရားတွေအလုပ်လုပ်ရာမှာ . . . "ကမ္မဝဋ်" ကမှသာ . . . "ကံစွမ်းအား" တွေကို ထုတ်ပေးပါတယ်။

သို့သော် ဒီ "ကံစွမ်းအား" ထွက်လာနိုင်ဖို့အတွက် "ကိလေသစက်" ကလည်း လုပ်သေး တယ်။ "ကမ္မစက်" ကလည်း လုပ်ပေးပါတယ်။

"ကိလေသစက်" က အရှိန်မြှင့်ပေးတယ်။ "ကမ္မစက်" က အလုပ်ဖြစ်အောင် လုပ်ပါတယ်။

ကိလေသမှာလုပ်တဲ့ စေတနာတွေကို "အဘိသင်္ခါရစေတနာ" လို့ နာမည်ပေးထားပါတယ်။ "ကမ္မပထ" မြောက်ရင်တော့ . . . "ကံစွမ်းအား" ထွက်ပါတယ်။ ရုပ်၊ နာမ် (၂)ပါးမှာ (သို့မဟုတ်) ခန္ဓာငါးပါးမှာ ထုတ်လုပ်တဲ့ "ကံစွမ်းအား" တွေ စုဝေးနေပါတယ်။ ဒါကြောင့် . . . "ကံစွမ်းအား" ဟာ "စုဝေး" တဲ့သဘောရှိပါတယ်။ အဲဒါကို . . . ထပ်ပြီး ရှင်းပြပေးပါမယ်။

အခုအခါ . . . လူတွေ မော်တော်ကားစီးနေကြတယ်။ မော်တော်ကားထဲမှာ လျှပ်စစ်ဓါတ်ထွက်လာအောင်လုပ်ပေးတဲ့စက်ရှိပါတယ်။ သူ့ကို "ဒိုင်နမို" (DYNAMO) လို့ ခေါ်ပါတယ်။ "ဒိုင်နမို" လည်တိုင်း လျှပ်စစ်ဓါတ်ထွက်ပါတယ်။ ထွက်လာတဲ့ လျှပ်စစ်ဓါတ်ကို မော်တော်ကားအင်ဂျင်ကြီးလည်အောင်လည်း သုံးတယ်။ မီးလင်းအောင်လည်းသုံးတယ်။ ဟွန်းမြည်အောင်လည်းသုံးတယ်။ အဲဒါဟာ "ပစ္စုပ္ပန်" တည့်တည့်မှာ သုံးနေရပါတယ်။

ထွက်လာနေတဲ့ လျှပ်စစ်အားကို သုံးနေတာဖြစ်ပါတယ်။ ဒီထွက်တဲ့ "လျှပ်စစ်အား" က . . . "ဒိုင်နမို" လည်မှ ထွက်တာပါ။

ထွက်လာတဲ့ လျှပ်စစ်အားတွေဟာ . . . ဒီလို မီးလင်းအောင်၊ ဟွန်းမြည်အောင်၊ စက်လည်အောင် လုပ်တဲ့အပြင် . . . ထွက်တဲ့လျှပ်စစ်အားတွေဟာ . . . ပိုနေသေးတော့ . . . ပို့တဲ့လျှပ်စစ်အားတွေကို ထိန်းသိမ်းပေးတဲ့ ဘက်ထရီအိုး (BATTERY) ဆိုတာ ရှိပါတယ်။ အဲဒီ ဘက်ထရီအိုးနဲ့ လျှပ်စစ်ဓာတ်ကြိုးနဲ့က ဆက်ထားတော့ . . . ထွက်လာသမျှ



သူရဲ့ထူးသောစွမ်းအား၊ မျက်စိရဲ့ထူးသောစွမ်းအား . . . များကို "ကံစွမ်းအား" ကလုပ်ပေးရပါတယ်။ ဒါကြောင့်မို့ သူတို့ကို "ကမ္မဇရုပ်" လို့ခေါ်ကြပါတယ်။

အခုဝန်းရံထားတဲ့ "နာနက္ခဏိက" အဆောက်အဦးကြီးဟာ . . . မြင်စိတ်၊ ကြားစိတ်ဖြစ်ရုံတင်မကပါဘူး။ မျက်စိ၊ နားတို့ကို ရှင်နေအောင် ဓာတ်လေးပါးညီညွတ်၍ကျန်းမာနေအောင် အမြဲတမ်းထောက်ပံ့နေပါတယ်။ အဲဒီသဘာဝတွေကို သေသေချာချာ အကြောင်းအကျိုးဆက်စပ်ပြီးတော့ . . . မိမိဉာဏ်ကိုသုံးပြီးစဉ်းစားရပါမယ်။

ဒီတော့ . . . ''ကြားကိစ္စ'' ''မြင်ကိစ္စ'' ဆိုတာဟာ . . . လွယ်တယ်လို့ထင်နေကြပါတယ်။ မွေးလာပြီးသိတတ်တဲ့အရွယ်ကတည်းက . . . "ငါမြင်တယ်" "ငါကြားတယ်" "မင်းမြင်တယ်" "မင်းကြားတယ်" လို့ ပတ်ဝန်းကျင်ကသင်ပေးလိုက်တဲ့အတိုင်းပြောနေကြပါတယ်။ အဲဒီလို ပြောလာခဲ့တဲ့အတွက် အခုလို "သဘာဝတွေ" အလုပ်လုပ်တာကို မသိတော့ပါဘူး။

"သဘာဝအလုပ်လုပ်" နေတာကို သိအောင် . . . ဒီပညာတွေကထောက်ပံ့ပေးနေရပါတယ်။ ဒီပညာတွေကိုတတ်ပြီး "သဘာဝအလုပ်မှန်း" သိလာခဲ့ရင် ဘယ်လိုကွဲပြားသွားမလဲဆိုရင် . . .

"ငါမြင်တယ်" "ငါကြားတယ်" လို့မှတ်ထားခဲ့တာဟာ . . . အမှန်အဓိပ္ပာယ်မဟုတ်ဘူးဆိုတာကို သိသွားပါမယ်။

"သဘာဝတရား" တွေ အလုပ်လုပ်နေလို့ မြင်ခြင်း၊ ကြားခြင်း တွေဖြစ်နေရပါတယ်။ မြင်ခြင်း၊ ကြားခြင်းကို အထောက်အပံ့ပေးနေတဲ့ "ပသာဒရုပ်" ခေါ်တဲ့ "အကြည်ရုပ်" "ကမ္မဇရုပ်" တွေနဲ့ "ဝိပါကဝိညာဉ်" တို့ အလုပ်လုပ်နေသဖြင့် "မြင်စိတ်" "ကြားစိတ်" တွေ ဖြစ်ရပါတယ်။

အဲဒီအခြေခံကိုရမှ . . . ''ကိလေသဝဋ်'' နဲ့ ''ကမ္မဝဋ်'' ကဆက်ပြီး အလုပ်လုပ်နိုင်ပါတယ်။ "ဝိပါကစက်" က "အကျိုးတရား" ကို ထုတ်ဖော်ပေးသောစက်ဖြစ်ပါတယ်။ အဲဒီစက်လည်တဲ့အခါ "စေတနာသင်္ခါရ" က အလုပ်လုပ်ပေးမယ်လို့ . . .

"မြင်စိတ်" ဖြစ်အောင် "အကြည်ရုပ်" ကထောက်ပံ့ပေးတယ်။ "ကြားစိတ်" ဖြစ်အောင် "အကြည်ရုပ်" က ထောက်ပံ့ပေးတယ်။ အဲဒီလို ထောက်ပံ့ပေးနိုင်တဲ့ အကြည်ရုပ်မျိုးကို . . . ကံစွမ်းအားကလုပ်ပေးရပါတယ်။

သူတို့ကို "ကမ္မဇရုပ်" လို့ခေါ်ပါတယ်။

"နာနက္ခဏိက" ကြီးက . . . မျက်စိအကြည်၊ နားအကြည် ဆိုတဲ့ "အကြည်ဓာတ်" တွေကို ထုတ်လုပ်ပေးနေပါတယ်။ အဲဒီလို . . . ကံက ထောက်ပံ့ပေးလို့ ဖြစ်နေရတဲ့ရုပ်ကို "ကမ္မဇရုပ်" လို့ခေါ်ပါတယ်။ "ကမ္မဇရုပ်" ကမှ . . . နာမ်ဓာတ်ဖြစ်သော "ကြားစိတ်" "မြင်စိတ်" ကို ထောက်ပံ့ပေးပြီး ကူညီနေပါတယ်။ "ကမ္မဇရုပ်" ကမှ မထောက်ပံ့ရင် . . . အခြားရုပ်တွေကလည်း မထောက်ပံ့နိုင်ပါဘူး။

ကမ္မဇရုပ်ရဲ့ အထောက်အပံ့ကိုရလို့ . . . မျက်စိအကြည်လေးက "ကောင်း" နေတာဖြစ်ပါတယ်။ အဲဒီမှာ . . . သေသေချာချာပြန်ပြောရရင် . . .

ဒီ "မျက်စိ" လေးဟာ . . . ခန္ဓာကိုယ်နဲ့တွဲပြီးရှိနေတာ အမှန်ပါပဲ။ "ခန္ဓာကိုယ်" ရှင်နေမှသာ . . . အလုပ်အမျိုးမျိုးကို လုပ်နိုင်ပါတယ်။ "ခန္ဓာကိုယ်" ရှင်ဘိသကဲ့သို့ "မျက်စိအကြည်ရုပ်" ကလည်းရှင်နေရပါတယ်။ "မျက်စိအကြည်" ကို "ကံစွမ်းအား" က ရှင်အောင် ထောက်ပံ့ပေးနေပါတယ်။ ရှင်ရုံတင်မကသေးပဲ . . . မျက်စိအကြည်ရုပ်က ကောင်းနေမှ . . . ကျန်းမာနေမှ . . . ကျန်းမာနေတယ်ဆိုတာဟာ . . . ဓာတ်လေးပါးဆိုတဲ့ အခဲ၊ အရည်၊ အငွေ့ တို့ညီညွတ်မှ မြင်ပါတယ်။ အဲဒီလို ညီညွတ်အောင် "ကံစွမ်းအား" ကလုပ်ပေးနေရပါတယ်။

ကမ္မဇရုပ်ကမှ "ဝိပါကဝိညာဉ်" ခေါ်သော ကံစွမ်းအားနဲ့ဖြစ်တဲ့ မြင်စိတ်၊ ကြားစိတ်ကိုထုတ်ပေးနိုင်ပါတယ်။ အကြည်ရုပ်ကမှ ထုတ်ပေးနိုင်ပါတယ်။

"စက္ခုပသာဒ" ကမှ "စက္ခုဝိညာဉ်" ကို ထုတ်ပေးနိုင်ပါတယ်။ "သောတပသာဒ" ကမှ "သောတဝိညာဉ်" ကို ထုတ်ပေးနိုင်ပါတယ်။ သူတို့မှာ ထူးသောစွမ်းအားတွေရှိကြပါတယ်။



သော စွမ်းအားတွေကို . . . ပစ္စုပ္ပန်မှာလည်း သုံးနေတယ်။ ပိုတာတွေအကုန်လုံး . . . ဘက်ထရီအိုးထဲမှာ စုဝေးပြီး သိမ်းထားလိုက်ပါတယ်။

"စုဝေး" တယ်ဆိုတဲ့သဘောကို နားလည်အောင် စဉ်းစားရပါမယ်။ လျှပ်စစ်ဓါတ်အားတို့သည် . . . စုနေပါတယ်။ စုနေတာကို ACCUMULATION လို့ခေါ်ပါတယ်။

စုနေတဲ့ဓာတ်အိုးကို ACCUMULATOR လို့ခေါ်ပါတယ်။ အဲဒီမှာ သေသေချာချာစဉ်းစားပါ။ အခုလို အလုပ်တွေလုပ်တာဟာ . . . "ဒိုင်နမို" လည်တာနဲ့ တူပါတယ်။ "ဒိုင်နမို" လည်ပြီဆိုတော့ . . . လျှပ်စစ်အားထွက်ဘိသကဲ့သို့ . . . "ကမ္မဝဋ်" မှာ "ဒိုင်နမို" နဲ့ တူတဲ့ ဒီ "ခန္ဓာငါးပါး" ရဲ့အလုပ်လုပ်လိုက်တော့ . . . "ကံစွမ်းအား" တွေ ထွက်လာပါတယ်။

အခုပြောနေတဲ့ စကားတွေဟာ . . . "ဝစီကမ္မ" ပါ။ ဒီ "ဝစီကမ္မ" ထွက်လာအောင် "မနောကမ္မ" ထွက်လာအောင် "မနောကမ္မ" ထဲမှာပါတဲ့ "စေတနာ" က "ကမ္မပထ" မြောက်အောင် ဆောင်ရွက်ပေးပါတယ်။ "ကမ္မပထ" မြောက်တယ်ဆိုတာဟာ . . . အခုလို အသံတွေထွက်၊ စကားလုံးတွေဖြစ် စီကာစဉ်ကာ အကြောင်းအရာတွေဖြစ်သွားတယ်ဆိုရင် "ကမ္မပထ" မြောက်သွားပါတယ်။

"ကမ္မပထ"မြောက်အောင် နောက်က "စေတနာ" က တွန်းပေးနေပါတယ်။ "ကမ္မပထ" မြောက်တော့ "ကံစွမ်းအား" တွေ ထွက်လာပါတယ်။ အဲဒီ ကံစွမ်းအားကြောင့် အခုပစ္စုပ္ပန်တည့်တည့်မှာ . . . နာယူနေသော ယောဂီများအားလုံး . . . ကြားနေကြရပါတယ်။

"ကြားတယ်" ဆိုတာဟာ "အကျိုးဝိပါက" ပါ။ "ကြားခြင်း" ဟာ "ဝိပါကစက်" မှာ အလုပ်လုပ်နေတာပါ။ "ကြားစိတ်" ဟာ "ကမ္မသတ္တိ" နဲ့ အလုပ်လုပ်နေရပါတယ်။ အဲဒီ "ကမ္မသတ္တိ" က ဒီခန္ဓာငါးပါးမှာ ဝန်းရံနေပါတယ်။ ဒီ "ခန္ဓာငါးပါး" ဟာ "ဘက်ထရီအိုး" နဲ့ တူနေပါတယ်။ အခဲ၊ အရည် သဘောနဲ့တည်ဆောက်ထားတဲ့ ဒီခန္ဓာငါးပါးမှာ . . . ဓာတ်ခဲလည်းပါတယ်။ ဓာတ်ရည်လည်းပါတယ်။

ဘက်ထရီအိုးထဲကို လျှပ်စစ်အားတွေဝင်သွားပါတယ်။ ဝင်သွားပြီးတော့ စုနေပါတယ်။ သဘာဝတရားတို့မှာ ထူးဆန်းတဲ့သဘောရှိပါတယ်။ အဲဒီ "စုနိုင်တဲ့စွမ်းအား" . . . ACCUMULATION . . . ရှိပါတယ်။ အဲဒီလို စုတာတွေကို သိမ်းထားတဲ့ဘက်ထရီအိုးကို ACCUMULATOR လို့ ခေါ်ပါတယ်။

ဘက်ထရီအိုးနဲ့ ခန္ဓာငါးပါးတို့ တူကြပါတယ်။ ကံစွမ်းအားတွေက စုနေတာဖြစ်ပါတယ်။ ကမ္မစက်လည်တဲ့အတွက် "ကံစွမ်းအား" တွေ ထွက်ပါတယ်။ ကမ္မပထမြောက်တဲ့ စေတနာနဲ့ "ကမ္မဝဋ်" က အလုပ်လုပ်လိုက်တိုင်း . . . ကံစွမ်းအားတွေထွက်လာပြီး ဒီ "ကံစွမ်းအား" တွေက ခန္ဓာငါးပါးမှာ သွားပြီးစုဝေးနေပါတယ်။

ဒီတော့ ဘက်ထရီအိုးထဲမှာ လျှပ်စစ်အားတွေစုနေတာကို ACCUMULATION လို့ ခေါ်ပါတယ်။ အဲဒီလို "စုဝေးခြင်း" သဘောကို ပါဠိစကားနဲ့ပြောရင် "အာယူဟန" ဖြစ်ပါတယ်။

"ကံစွမ်းအား" တွေ စုဝေးနေတာကို ပါဠိလို "အာယူဟန" ခေါ်ပါတယ်။ အခုခေတ်စကားနဲ့ပြောရရင် "ACCUMULATION" လို့ ပြောပါတယ်။

စုဝေးနေတဲ့အဖွဲ့ကြီးရှိပါတယ်။ ကမ္မဝဋ်ခေါ်သော "ကမ္မစက်" လည်နေရခြင်းက အားသွင်းပေးနေရပါတယ်။ မနောကံ၊ ဝစီကံ၊ ကာယကံဆိုတဲ့ ကံသုံးပါးဖြစ်တဲ့ "ကမ္မစက်" လည် မှ "ကံစွမ်းအား" က ထွက်ပါတယ်။ ထွက်လာတဲ့ "ကံစွမ်းအား" တွေက "ခန္ဓာငါးပါး" မှာပဲ ဝန်းရံနေပါတယ်။

အဲဒီ "ကံစွမ်းအား" တွေရှိပါတယ်။ အခုပထမဦးဆုံးဖြစ်တဲ့ "ဝိပါကစက်" က . . . "ကြားစိတ်" ဖြစ်အောင် လုပ်ပေးပါတယ်။ ကြားတယ်ဆိုတဲ့ . . . မိမိမှာရှိတဲ့ "စိတ်ကလေး" ဟာ . . . စက်နဲ့လုပ်လုပ်မရတဲ့သဘာဝဖြစ်ပါတယ်။ သူဟာ "နာမ်သဘာဝ" ပါပဲ။

စုဝေးနေတဲ့ "ကမ္မသတ္တိ" က . . . "နား" မှာ "ကြားစိတ်" ဖြစ်အောင် . . . လုပ်ပေးပါတယ်။ "ကြားစိတ်" ဟာ . . . "အကျိုးတရား" ဖြစ်ပါတယ်။ "ကမ္မသတ္တိ" ကတော့ အကြောင်း



ကြီးက . . . အကြီးကြီးဖြစ်ပါတယ်။ အဲဒီအထဲက အားတွေကိုထုတ်လိုက်ပြီးသုံးနေရပါတယ်။

အခုစကားပြောသံကို ကြားနေပါတယ်။ ကြားနေရခြင်းဟာ . . . အခြားကြောင့် မဟုတ်ပါဘူး။ "ကံစွမ်းအား" က ပေးလို့ "ကြားစိတ်" ဖြစ်နေပါတယ်။ ရေးပြတာတွေကို မြင်နေရတာလည်း "ကံစွမ်းအား" ကပေးလို့ မြင်နေရခြင်းဖြစ်ပါတယ်။

အဲဒီ "ကံစွမ်းအား" က "နာမ်စွမ်း" တွေကို ထုတ်ပေးနေပါတယ်။ အဲဒီစွမ်းအားကြီး အဟုတ်ရှိနေတာကို သိထားဖို့လိုပါတယ်။

"မြင်စိတ်" ကို "ဝိပါကဝိညာဉ်" လို့ခေါ်ပါတယ်။

"မြင်စိတ်" ထဲမှာလည်း "ဝိပါကဝိညာဉ်" ပါတယ်၊ "ကြားစိတ်" ထဲမှာလည်း "ဝိပါကဝိညာဉ်" ပါတယ်၊ "အနံ့စိတ်" ထဲမှာလည်း "ဝိပါကဝိညာဉ်" ပါတယ်၊ "အရသာစိတ်" ထဲမှာလည်း "ဝိပါကဝိညာဉ်" ပါတယ်၊ "အတွေ့စိတ်" ထဲမှာလည်း "ဝိပါကဝိညာဉ်" ပါတယ်။ သူတို့ဟာ "ကံစွမ်းအား" ကြောင့်ဖြစ်နေကြရပါတယ်။

သူ့ကို "နာနာက္ခဏိက ကံစွမ်း" လို့ခေါ်ပါတယ်။

သူတို့ဟာ "ခန္ဓာငါးပါး" မှာပဲ စုဝေးနေကြပါတယ်။

စုဝေးနေတာကို ပါဠိလို "အာယူဟန" လို့ခေါ်ပါတယ်။ အခုခေတ်စကားနဲ့ပြောရင် "ACCUMULATION" လို့ပြောပါတယ်။

အခုဟာက . . . နာမ်ခေတ် . . . စိတ်ကလေးကို "ကံစွမ်းအား" က ထောက်ပံ့ပေးနေပါတယ်။ အခုလို "မြင်စိတ်" ကလေးဖြစ်ပေါ်အောင်လုပ်ပေးနေတဲ့ "ကံစွမ်းအား" ဟာ "ရုပ်တရား" များကိုလည်းဖြစ်ပေါ်အောင် လုပ်ပေးပါတယ်။ ထောက်ပံ့ပေးပါတယ်။

အခုစကားသံတွေကို "ကြားနေ" တာဟာ . . . "နား" ကောင်းနေလို့ ကြားရပါတယ်။ ရေးပြတာတွေကို "မြင်နေ" တာဟာ "မျက်စိ" ကောင်းနေလို့ပါ။

"မျက်စိ" ထဲမှာပါတဲ့ "မျက်စိအကြည်ရုပ်"၊ "နား" ထဲမှာပါတဲ့ "နားအကြည်ရုပ်" တွေ အလုပ်လုပ်ပါတယ်။ "မျက်စိ" အကြည်ရုပ်ရဲ့စွမ်းအားဟာ . . . "ရုပ်စွမ်းအား" ပါ။ အဲဒီ ရုပ်စွမ်းအားဟာ "မြင်စိတ်" ဖြစ်အောင်ထောက်ပံ့ပေးပါတယ်။

"နာမ်ခေတ်" က "နာမ်စွမ်းအား" ဖြစ်ပါတယ်။ အဲဒီ "နာမ်စွမ်းအား" က "ကံစွမ်းအား" အဖြစ်ပြောင်းသွားပါတယ်။

ပြောင်းတဲ့သဘာဝအားဟာ . . . "စေတနာ" ဖြစ်ပါတယ်။ အလုပ်နဲ့ပြောင်းလိုက်တဲ့ အတွက် "ကံစွမ်းအား" ထွက်လာရခြင်း ဖြစ်ပါတယ်။

အဲဒီထွက်လာတဲ့ "ကံစွမ်းအား" ဟာ ဘယ်မှာသွားနေတာလဲဆိုရင် . . . "ခန္ဓာငါးပါး" မှာပဲ ဝန်းရံနေပါတယ်။

အခုရေးပြတာတွေကို မြင်နေပါတယ်။ အဲဒီလိုမြင်နိုင်သောစွမ်းအားဖြစ်တဲ့ "မြင်စိတ်"ဆိုတဲ့ "နာမ်စွမ်းအား" ဟာ ဘယ်ကထွက်လာတာလဲဆိုရင် . . . စုဝေးနေတဲ့ "ကံစွမ်းအား" အဆောက်အဦကြီးက ထွက်လာတာဖြစ်ပါတယ်။

ဒီတော့ . . . အဲဒီ "ကံစွမ်းအား" က "နာမ်စွမ်းအား" ပြောင်းသွားပါတယ်။ အဲဒီလို စွမ်းအားသုံးခုဆက်နေပါတယ်။

အလုပ်လုပ်နေရာတိုင်းက "စေတနာ" "ကံစွမ်းအား" ဖြစ်ပါတယ်။ "စေတနာစွမ်းအား" လို့လည်းပြောပါမယ်။ ဒီလို "စေတနာစွမ်းအား" တွေနဲ့ အလုပ်လုပ်လိုက်တော့ "ကံစွမ်းအား" ဖြစ်လာပါတယ်။ ဒီ "ကံစွမ်းအား" က ခန္ဓာငါးပါးမှာ ဝန်းရံနေရပါတယ်။ အဲဒီခန္ဓာငါးပါးထဲမှာ ခုနေတဲ့ "ကံစွမ်းအား" တွေက . . . အခု "မြင်စိတ်" ဆိုတဲ့ "နာမ်စွမ်းအား" ထွက်အောင် လုပ်ပေးပါတယ်။ အကုန်လုံး "စွမ်းအား" တွေချည်းဖြစ်ပါတယ်။ အဲဒီ . . . "ကံစွမ်းအား" ထွက်လာအောင် "စေတနာ" က "ကမ္မဝဋ်" ခေါ်တဲ့ အလုပ်လုပ်တဲ့စက်မှာ အလုပ်လုပ်လိုက် ပါတယ်။ အလုပ်လုပ်တာကို "ကမ္မပထမြောက်" တယ်လို့ပြောပါတယ်။

အဲဒီလို ကမ္မပထမြောက်တဲ့ စေတနာတွေက "ကမ္မပထမြောက်" မှ . . . "ကမ္မသတ္တိ" တွေထွက်ပါတယ်။ ဒီ "ကမ္မသတ္တိ" တွေက ခန္ဓာငါးပါးမှာပဲ စုဝေးနေပါတယ်။

အဲဒီလို "နာနက္ခဏိက ကမ္မ" တွေစုဝေးနေတာကို "အာယူဟန" လို့ခေါ်ပါတယ်။ "အာယူဟန" ကို "ACCUMULATION" လို့ခေါ်ပါတယ်။ အဲဒီ ဘဏ်တိုက် (BANK)



တရားပါ။ အခုလို "အသံကြား" ရုံတင်မကဘူး။ ရေးပြတာကိုလည်း မြင်ပါတယ်။ အဲဒါဟာ "မြင်စိတ်" ပါ။ မြင်စိတ်ထဲမှာပါတဲ့ . . . "သိမှု" "မှတ်မှု" "ခံစားမှု" "အားထုတ်မှု" တွေဟာ . . . "အကျိုးတရား" တွေ ဖြစ်ပါတယ်။ ဒီအကျိုးတရားတွေဟာ . . . စုဝေးနေတဲ့ "ကံစွမ်းအား" တွေရဲ့ အကျိုးတရားတွေဖြစ်ပါတယ်။ အဲဒီသဘောကို သေသေချာချာ နားလည်အောင် စဉ်းစားကြပါ။

"ကမ္မအဖွဲ့ကြီး" ရှိတယ်။ သူဟာ စုစုဝေးဝေးနဲ့ နေနေပါတယ်။ စုဝေးနေတဲ့နေရာ ကတော့ "ခန္ဓာငါးပါး" မှာပါ။ တနည်းအားဖြင့် ဒီ "ကမ္မအဖွဲ့ကြီး" ရဲ့ အမည်ကို "နာနက္ခဏိက ကံစွမ်းအား" လို့ လည်း ခေါ်ပါတယ်။

အဲဒီ "နာနက္ခဏိကကံစွမ်းအား" တွေကို . . . ဝိပါကစက်က . . . သူလည်တိုင်း အသုံးပြုနေရပါတယ်။ "ဝိပါကစက်" ဘာတွေလုပ်သလဲဆိုတော့ . . .

ဝိပါကစက်က . . . ကြားစိတ်ထွက်အောင် . . .
မြင်စိတ်ထွက်အောင် . . .
အနံ့စိတ်ထွက်အောင် . . .
အရသာစိတ်ထွက်အောင် . . .
အတွေ့စိတ်ထွက်အောင် . . . လုပ်ရာတွင် "နာနက္ခဏိက ကံစွမ်းအား" တွေကို အသုံးပြုရပါတယ်။ ဒါကြောင့် "ဝိပါကစက်" ဆိုတာဟာ "စွမ်းအား" ကို သုံးတဲ့စက်ဖြစ်ပါတယ်။

ကမ္မစက်ကြီးကလည်း အမြဲတမ်း . . . ကမ္မဝဋ် လည်နေရပါတယ်။ ကံသုံးပါးဖြစ်တဲ့ မနောကမ္မ၊ ဝစီကမ္မ၊ ကာယကမ္မ တို့လုပ်တိုင်း "ကံစွမ်းအားတွေ" ထွက်ပါတယ်။ ဒီကံစွမ်းအား တွေဟာ . . . ခန္ဓာငါးပါးမှာပဲလာပြီး စုဝေးနေကြပါတယ်။

ဒီ "နာနက္ခဏိက" အဆောက်အဦးကြီးကို အမြဲတမ်းအားဖြည့်ပေးနေတာက . . . "ကမ္မဝဋ်" ဖြစ်ပါတယ်။ အားတွေကို သုံးနေတာကတော့ . . . "ဝိပါကဝဋ်" ပဲဖြစ်ပါတယ်။ အဲဒီလို . . . "ကံစွမ်းအား" တွေမှာ . . . အသုံးနဲ့အဝင်ဆိုပြီး (၂) မျိုးရှိပါတယ်။

မိမိမှာ ကံစွမ်းအား အဆောက်အဦးကြီးရှိနေပါတယ်။ အဲဒီမှာ . . . ဒီလိုပြုလုပ်နေတဲ့ “ကံသုံးပါး” နဲ့ အလုပ်လုပ်တဲ့အခါ . . . ကောင်းစေလို . . . အကျိုးရှိစေလိုသောသဘောနဲ့ “ဝစီကမ္မ” တွေကို ပြောတယ်။ “ကာယကမ္မ” တွေနဲ့ရေးပြတယ်။ အဲဒီလို အကျိုးရှိစေလိုသော “စိတ်” နဲ့အလုပ်လုပ်ရင် . . . ဒီအလုပ်က ထွက်ပေါ်လာသော . . . “စွမ်းအား” တွေသည် . . . ကောင်းသောစွမ်းအားများ ဖြစ်လာပါတယ်။

အဲဒါကို “ကုသလကမ္မသတ္တိ” လို့လည်း ခေါ်ပါတယ်။

အဲဒီလို “ကုလသကမ္မသတ္တိ” တွေဟာ . . . ဒီ “နာနက္ခဏိက” ထဲမှာ သွားပြီးစုဝေးပါတယ်။ အခုပြောတာက ကောင်းတဲ့အပိုင်းဖြစ်ပါတယ်။

ဒီ “ကိလေသဝဋ္ဋ” က . . . အတ္တဝိညာဥ်က . . . ဥပါဒါန်က . . . ထုတ်ပေးလိုက်တဲ့ “ငါ” ဆိုသောအသိဖြစ်ပေါ်လာပါတယ်။ “ဥပါဒါနက္ခန္ဓာ” ရှိလို့ “ငါ” ဖြစ်လာပါတယ်။ “ငါ” က ဘယ်လိုသဘောရှိသလဲဆိုရင် . . . ငါက . . . ပိုင်ချင်တယ်။

ငါက . . . ပြိုင်ချင်တယ်။

ငါက . . . နိုင်ချင်တယ်။

အဲဒီ . . . ပြိုင်ချင်၊ နိုင်ချင်တဲ့စိတ်က “စေတနာ” တွဲပြီး ကမ္မပထမြောက်အောင် လုပ်ပါတယ်။ ပိုင်ချင်တယ်ဆိုတဲ့ သဘောလေးထဲမှာ . . . တကယ်ရှိတဲ့ခါတ်က . . . ပိုင်ချင်တာက . . . လောဘ . . . ပြိုင်ချင်တာက . . . မာန . . . နိုင်ချင်တာက . . . ဒေါသ ဆိုတဲ့ . . . “လောဘ၊ မာန၊ ဒေါသ” တွေနဲ့ “စေတနာ” ကတွဲပြီးတော့ အလုပ်လုပ်ပါတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက် ထွက်ပေါ်လာတဲ့ . . . “ကံစွမ်းအား” တွေက အကျိုးမဲ့ကို ဆောင်ရွက်ပါတယ်။ မကောင်းကျိုးဖြစ်အောင် ဆောင်ရွက်ပေးတဲ့အတွက် သူ့ကို . . . “အကုသလကမ္မ” လို့ ပြောပါတယ်။ အဲဒီ အကုသလကမ္မစွမ်းအား တွေကလည်း သွားပြီး စုဝေးနေပါတယ်။ သူကလည်း အားပြည့်လာရင် အကုသိုလ်အကျိုးတွေ ပေးပါလိမ့်မယ်။



“ကုသလ” ကလည်း အားပြည့်လာရင် ကုသိုလ်အကျိုးတွေပေးပါတယ်။ အဲဒီ “ကံစွမ်းအားအဖွဲ့ကြီး” ကို နာနက္ခဏိကကံစွမ်းအားလို့ ပြောပါတယ်။

ဟောဒီ “နာနက္ခဏိကကံ” အဆောက်အဦးကြီးက . . . သူဟာစုဝေးတတ်ပါတယ်။ ဒီ ကံစွမ်းအားတွေ စုဝေးတာဖြစ်ပါတယ်။ ကံစွမ်းအား (၂)မျိုးအနေနဲ့ စုဝေးပါတယ်။ “ကုသလကမ္မ” တွေကလည်း စုဝေးပါတယ်။ “အကုသလကမ္မ” တွေကလည်း စုဝေးပါတယ်။ အဲဒီစုဝေးတဲ့စွမ်းအားတွေကို “ဝိပါကဝဋ္ဋ” က အသုံးပြုပါတယ်။

ဝိပါကဝဋ္ဋမှာ . . . မြင်စိတ်၊ ကြားစိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ်တွေ ဖြစ်လာအောင် ကမ္မသတ္တိအဆောက်အအုံကြီးက ထောက်ပံ့ပါတယ်။

ဝိပါကစက်က . . . ကမ္မအဆောက်အဦးကြီးထဲက အားတွေကိုသုံးနေရပြီး . . . ကမ္မအဆောက်အဦးကြီးထဲသို့ အားဖြည့်ပေးနေရတာက . . . ကမ္မစက်ပဲဖြစ်ပါတယ်။ အဲဒီလိုပဲ ကမ္မအဆောက်အဦးကြီးမှာ “အဝင်” လည်း ရှိတယ်။ “အထွက်” လည်း ရှိပါတယ်။

ကာယကံ၊ ဝစီကံ၊ မနောကံ တွေက “ဝင်လာအောင်” လုပ်ပေးပါတယ်။ အသုံးပြုနေတာကတော့ . . . ဝိပါကဝဋ္ဋဖြစ်တဲ့ မြင်စိတ်၊ ကြားစိတ်တွေပဲဖြစ်ပါတယ်။ အဲဒီဟာကို ဆက်စပ်မိအောင် သေသေချာချာလုပ်ပါ။

“ကမ္မပထ” မြောက်အောင်လုပ်တာ “စေတနာ” ပါ။ “စေတနာ”ဟာ နာမ်ဓာတ်အား ဖြစ်ပါတယ်။ အဲဒီဓာတ်အားက အလုပ်လုပ်ပါတယ်။ သူအလုပ်လုပ်လိုက်တော့ “ကံစွမ်းအား” ထွက်ပါတယ်။

အဲဒီမှာ “စွမ်းအား” ဆိုတဲ့စကားကို သေသေချာချာနားလည်အောင် စဉ်းစားရပါမယ်။ “ကမ္မဝဋ္ဋ” မှာ လုပ်ပေးနေတဲ့ စေတနာစွမ်းအားဟာ “နာမ်ဓာတ်” ပါ။

အလုပ်ဆိုတဲ့ “သင်္ခါရ” ထဲ ထည့်ပြီးလှည့်လိုက်တယ်၊ အလုပ်တွေလုပ်လိုက်ပါတယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ကံသုံးပါးလုပ်လိုက်ပါတယ်။ ဒီအခါ “ကံစွမ်းအား” ထွက်လာပါတယ်။

## အတ္တာဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

> သဗ္ဗာနိ စ   အပါယဂါမိနီကမ္မာနိ နာမ
> အတ္တာဒိဋ္ဌိ ယာ   သတိယာ ဧဝ   အာပဇ္ဇတိ ।
> အသတိယာ   န အာပဇ္ဇတိ ॥

သဗ္ဗာနိ စ ............... အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ. . . . . . . . . . . . . . . .
အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တာဒိဋ္ဌိ ယာ . . . . . . . . . . . . . . .
အတ္တာဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ . . . . . . . . . . . . . . .
ရှိမှသာလျှင်

အာပဇ္ဇတိ . . . . . . . . . . . . . . .
ရောက်ရ၏။

အသတိယာ . . . . . . . . . . . . . . .

---

C D

# L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

ဆရာကြီး ဦးဌေးအောင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
၏

# (၂၅) ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၆) ကမ္မသတ္တိ နှင့် ပဋိသန္ဓိကိစ္စ . . . ( ၂၅ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D